**အကြိမ်(၅၀)မြောက် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ တင်ပြရောင်းချမည့်လုပ်ငန်းရှင်များသို့ အသိပေးကြေငြာချက်**

၁။ **အကြိမ်(၅၀)**မြောက် ကျောက်မျက်ရတနာပြပွဲကို **(၁၅.၆.၂၀၁၃)**ရက် နေ့မှ (၂၇.၆.၂၀၁၃)ရက်နေ့ထိ ကျင်းပပါမည်။

(က) ကျောက်စိမ်းအတွဲများ တင်ပြရောင်းချရန် လျှောက်လွှာ လက်ခံမည့်ရက် **(၂.၅.၂၀၁၃)မှ (၂၃.၅.၂၀၁၃) ထိ။**

(ခ) ကျောက်စိမ်းအတွဲများ လက်ခံဆောင်ရွက်ပေးမည့်ရက် **(၆.၅.၂၀၁၃) မှ (၃၁.၅.၂၀၁၃) ထိ။**

(ဂ) အရွယ်အစားသေးငယ်သောကျောက်စိမ်းအတွဲများကို အောက်ပါသေတ္တာများတွင် ထည့်သွင်း၍ ခင်းကျင်းရမည်-

(၁) **၄၈ "x ၄၈ "x၁၈ " (သံသေတ္တာ)။**

(၂) **၃၆ "x ၃၆ "x၁၈ " (သံသေတ္တာ)။**

(၃) **၃၀ "x ၁၉ "x ၁၄ " (သံသေတ္တာ)။**

(၄) **စုဖွဲ့ထားသော ကျောက်စိမ်းအတွဲ(၁)တွဲသည် အလေးချိန်(၃)တန်ထက် မပိုရ။**

(ဃ) **အခြေခံဈေး လျှာထားသတ်မှတ်ခြင်း**

(၁) ကျောက်စိမ်းအချောထည်အတွဲများ ယူရို **၁၀၀၀ နှင့် အထက်။**

(၂) တင်ဒါ ကျောက်စိမ်းအရိုင်းတွဲများ ယူရို **၄၀၀၀ မှ ၂၀၀၀၀၀** ထိ။

(၃) ဈေးပြိုင်ကျောက်စိမ်းအရိုင်းတွဲများ ယူရို **(၂၀၀၀၀၁)နှင့် အထက်။**

(၄) ဈေးပြိုင်အတွဲအရေအတွက် ကန့်သတ်ထားပါသဖြင့် သတ်မှတ်အရေအတွက်အတွင်းပါဝင်သည့် ကျောက်စိမ်းအတွဲများကိုသာ ဈေးပြိုင်အတွဲအဖြစ် လက်ခံခင်းကျင်းရောင်းချပါမည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ကျောက်စိမ်းအတွဲ များတင်ပြရောင်းချလိုသော ကုမ္ပဏီ/အသင်းများသည် ကျောက်စိမ်းတူးဖော်ရန် **ခွင့်ပြုမိန့်** (သို့မဟုတ်) **ရတနာဆိုင်လိုင်စင်**(သို့မဟုတ်) **GTCလိုင်စင်** (သို့မဟုတ်) **ကျောက်စိမ်းအချောထည်၊ ရုပ်ထုရုပ်ထွင်းထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းလိုင်စင်** တစ်ခုခုရှိရမည်။

၃။ ကုမ္ပဏီ/အသင်းနှင့်ဆက်သွယ်ရမည့် သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊ လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်၊ ဖက်(စ်)နံပါတ်၊ အီးမေးလိပ်စာများ တင်ပြရမည်။

၄။ တင်ပြရောင်းချမည့်ကျောက်စိမ်းများသည် သဘာဝတွင်းထွက်ကျောက်စိမ်း(Jade)**အစစ်ဖြစ်ကြောင်းအရောင်သွင်းထားခြင်း၊ ဆေးဆိုးထားခြင်း၊ အခွံတုပြုလုပ်ထားခြင်း၊ မီးဖုတ်ပြုပြင်ထားခြင်း၊ ကော်ကပ် ပြန်ဆက် ထားခြင်း**မဟုတ်ကြောင်း **ဝန်ခံကတိ**ပါရှိရမည်။

၅။ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများ၏ အခြေခံဈေးနှုန်းကို **ယူရို(၄၀၀၀)**သတ်မှတ်ပါသည်။ ဈေးပြိုင်စနစ်ဖြစ်ရောင်းချမည့် ကျောက်စိမ်းအတွဲများ၏ အခြေခံဈေးနှုန်းကို **ယူရို(၂၀၀၀၀၀)**နှင့်အထက်သတ်မှတ်ပါသည်။ ဈေးပြိုင်အတွဲအရေအတွက်ကို ကန့်သတ်သည့် စနစ်ဖြင့် ရောင်းချမည်ဖြစ်သဖြင့် ဈေးအများဆုံးဖြစ်သည့် သတ်မှတ်အရေအတွက်ကိုသာ ဈေးပြိုင်အတွဲများအဖြစ်လက်ခံရောင်းချပေးပါမည်။

၆။ ကျောက်စိမ်းတွဲများကို **ကြိုတင်၍ ရေတွက်ချိန်တွယ် အတွဲဖွဲ့စည်းခဲ့ရမည်**။ ပြပွဲဝင်းအတွင်းရောက်မှ **အရောင်တင်ခြင်း၊ အတွဲဖွဲ့ခြင်းကို လုံး၀(လုံး၀)ဆောင်ရွက်ခွင့်ပြုမည်မဟုတ်ပါ။** ရတနာပြပွဲတင်ပြမည့်ကျောက်စိမ်းအတွဲများတွင် အခြားကျောက်များ ရောနှောမပါရှိစေရေးနှင့် ကျောက်စိမ်းတုံးများ၏ အရေအတွက်၊ အလေးချိန်တိကျမှန်ကန်စေရေးအတွက် ကျောက်စိမ်းတွဲများတင်ပြရောင်းချမည့် ကုမ္ပဏီ/ သမအသင်း/ ရတနာဆိုင်တို့က တာဝန်ယူဆောင်ရွက်ပေးရမည်။

၇။ တင်ပြရောင်းချလိုသည့် ကျောက်စိမ်းတွဲများကို **သတ်မှတ်ထားသည့် ရက်အတွင်းစစ်ဆေးခံပြီး၊ ခင်းကျင်းရမည်။** သတ်မှတ်ရက်ကျော်လွန်မှ လာရောက်တင်ပြသည့် ကျောက်စိမ်းတွဲများကို လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါ။

ကျောက်စိမ်းလုပ်ငန်းကော်မတီ